ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေး အစိုးရ

# လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန သတင်းလွှာ

အတွဲ ၁ • အမှတ် ၇ • ၁၈ ဖေဖော်ဝါရီ ၂၀၂၂

## မရပ်တန့်သွားသည့် မြို့ပြ ဆန္ဒပြ လှုပ်ရှားမှုများနှင့် သွေးမြေကျမှုများ

ဖေဖော်ဝါရီ ၉ - ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ ဗိုလ်ဗထူးလမ်း ပေါ်ရှိ 360 ဆီသုံးဆိုင်နှင့် ဗထူးအိမ်ရာအနီးတွင် ယင်းနေ့ နံနက် ၁၀ နာရီဝန်းကျင်ခန့်က အကြမ်းဖက်စစ်တပ်မှ တပ်ဖွဲ့ဝင်များ တင်ဆောင်ထားသည့် ကားရှေ့တွင် လက်သုံးချောင်းထောင်၍ ကြွေးကြော်ဆန္ဒပြခဲ့သူ ကိုကောင်းထက်ပိုင်အား စစ်တပ်က ပစ်ခတ်၍ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

အသက် (၂၇) နှစ်အရွယ် ကိုကောင်းထက်ပိုင်မှာ မိခင်ဖြစ်သူနှင့် အတူ ဘတ်စ်ကားပေါ်မှ အဆင်းတွင် စစ်ကားအား တွေ့မြင်သည့် အခါ စစ်ကားရှေ့သို့ ပြေးကာ လက်သုံးချောင်းထောင်၍ ကြွေးကြော်ဆန္ဒပြစဉ် ပစ်သတ်ခံရခြင်း ဖြစ်သည်။ ကိုကောင်း ထက်ပိုင်သည် စစ်တပ်က အကြမ်းဖက်အာဏာသိမ်းပြီးနောက် နိုင်ငံရေးအခြေအနေများကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့သူတစ်ဦး ဖြစ်ကာ မီးပွိုင့်မိနေသည့် စစ်ကားအား တွေ့စဉ် ကားရှေ့ပြေး၍ လက်သုံးချောင်းထောင် အော်ပြီးပြောလို့ ပစ်သတ်လိုက်တာ ဖြစ်ကြောင်းနှင့် မည်သည့်စကားများ ပြောဆိုခဲ့သည်ကိုမူ တိကျစွာ မသိရကြောင်း ၎င်းနှင့် နီးစပ်သူတစ်ဦးက ဆိုသည်။ စစ်တပ်က ကိုကောင်းထက်ပိုင်အား ပစ်သတ်ပြီးနောက် ရုပ် အလောင်းကိုပါ တစ်ပါတည်း ယူဆောင်သွားကြသည်။

ဖေဖော်ဝါရီ ၆ - ရန်ကုန်မြို့ ပြည်လမ်းရှိ လူကူးကုန်းတံတားပေါ် တွင် အကြမ်းဖက်စစ်အာဏာရှင်ကို ဆန့်ကျင်ကြောင်းရေးသား ထားသည့် စာသားပါ ဗီနိုင်းချိတ်ဆွဲခဲ့သည့် လူငယ်လေးဦးအား အကြမ်းဖက်စစ်တပ်နှင့် ရဲများက ယင်းနေ့ နေ့လယ် ၃ နာရီ ကျော်ခန့်က လိုက်လံပစ်ခတ် ဖမ်းဆီးခဲ့ရာ လူငယ်တစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့ကာ ကျန်သုံးဦးမှာ လွတ်မြောက်သွားသည်။

ဖေဖော်ဝါရီ ၁ - ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်တွင် ယင်းနေ့ နံနက် ၇ နာရီခန့်က အကြမ်းဖက်စစ်တပ်က ပစ်ခတ်မှုဖြင့် ပြည် သူတစ်ဦး သေဆုံးကာ နှစ်ဦးမှာ သေနတ်ဒဏ်ရာများ ရရှိခဲ့သည်။ သေဆုံးသွားသည့် ပြည်သူမှာ အခင်းဖြစ်ပွားရာနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်ကာ ကျန်နှစ်ဦးမှာ ဒဏ်ရာဖြင့်ပင် တိမ်းရှောင်နိုင်ခဲ့သဖြင့် လွတ်မြောက်ခဲ့သည်။

## စစ်တပ်က အိမ်ထောင်စုဇယား စစ်ဆေးကာ အဓမ္မ ငွေတောင်းခံ

မကွေးတိုင်း၊ ပေါက်မြို့နယ်၊ ကိုင်းလယ်အုပ်စု၊ စန်းရေးခုံရွာ တွင် အကြမ်းဖက်စစ်တပ်နှင့် ပျူစောထီးများက စန်းရေခုံ စာသင်ကျောင်းဝိုင်းတွင် တစ်အိမ်လျှင် တစ်ယောက်ကျ ခေါ် ယူ၍ အိမ်ထောင်စုဇယားများ စစ်ဆေးကာ ငွေကြေး တောင်းခံမှုများ ပြုလုပ်နေကြောင်း ဒေသခံများက သတင်းပေးပို့လာသည်။

အကြမ်းဖက်စစ်တပ်သည် ပေါက်တောင်ပိုင်းကျေးရွာများ တွင်လည်း လက်နက်အားကိုးဖြင့် ဒေသခံများအား အနိုင် ကျင့်ကာ ပြည်သူပိုင် ပစ္စည်းများအား အဓမ္မသိမ်းဆည်း သယ်ယူခြင်းများလည်း ပြုလုပ်လျက်ရှိသည်။


၂ **တယ်လီနောမြန်မာအား စစ်အုပ်စုနှင့် ဆက်စပ် သည့်ကုမ္ပဏီများ** ရောင်းချရန် စီစဉ်နေမှုအား ရပ်တန့်ပေးရန် အရပ်ဘက်အဖွဲ့အစည်းနှင့် အသုံးပြုနေသူများက တောင်းဆိုထား

၂ နိုင်ငံတစ်ဝန်း ကျယ်ပြန့်လာသည့် **အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ**

၆ အာဏာသိမ်းယူရန် ကြိုးပမ်းမှု **တစ်နှစ်ပြည့် အခြေအနေနှင့် ရှေ့အလားအလာ** စကားဝိုင်းပြုလုပ်

၇ ပြင်သစ်မြေပေါ်က မြန်မာ့အရေးလှုပ်ရှားမှုများ

၈ မြန်မာ့အရေးအတွက် ချက်သမ္မတနိုင်ငံ လွှတ်တော်၊ နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေး

# တယ်လီနောမြန်မာအား စစ်အုပ်စုနှင့် ဆက်စပ်သည့်ကုမ္ပဏီများ ရောင်းချရန် စီစဉ်နေမှုအား ရပ်တန့်ပေးရန် အရပ်ဘက်အဖွဲ့အစည်းနှင့် အသုံးပြုနေသူများက တောင်းဆိုထား

နော်ဝေအခြေစိုက် တယ်လီနောအုပ်စုအနေဖြင့် တယ်လီနော မြန်မာအား အကြမ်းဖက်စစ်အုပ်စုနှင့် ဆက်စပ်သည့် Investcom အား ရောင်းချရန် ပြင်ဆင်နေမှုမှာ အသုံးပြုသူ ၁၈ သန်း၏ ကိုယ်ရေးအချက်အလက်များအား စစ်တပ်အုပ်စုထံ တစ်ဖက် လှည့်ဖြင့် ရောက်သွားစေနိုင်ပြီး အသက်လုံခြုံရေးကိုပါ ထိပါးနိုင် သည့်အန္တရာယ်ရှိသဖြင့် ရောင်းချခြင်းမပြုရန် အရပ်ဘက်အဖွဲ့ အစည်း ၆၉၄ က လက်မှတ်ထိုးထားသော ထုတ်ပြန်ချက်တစ် စောင်အား ဖေဖော်ဝါရီလ ၁၂ ရက် က ထုတ်ပြန်ထားသည်။

အကြမ်းဖက်စစ်အုပ်စုမှာ ဒီမိုကရေစီရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုမှုများအား လက်နက်ဖြင့် ဖိနှိပ်ခဲ့ရုံသာမက ပြည် သူများ၏ အင်တာနက်သုံးစွဲခွင့်နှင့် သတင်းအချက်အလက် မျှဝေ လက်ခံနိုင်မှုအား ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း နည်း ပေါင်းစုံသုံး ထိန်းချုပ်ထားသည့်အပြင် ပုဂ္ဂလိကပိုင် ဆက်သွယ် ရေးကုမ္ပဏီများမှတစ်ဆင့် ဝန်ဆောင်မှုများအား တစ်စိတ် တစ်ပိုင်း ကန့်သတ်ခြင်း၊ အလုံးစုံကန့်သတ်ခြင်းများအပြင် ဥပဒေများ ပြဋ္ဌာန်းကာ အင်တာနက်ဈေးနှုန်းများအား အဆမတန် မြှင့်တင်ခြင်းနည်းဖြင့်လည်း ကန့်သတ်ထိန်းချုပ်မှု များ ဆက်တိုက်ပြုလုပ်ကာ ဆက်သွယ်ရေးကွန်ယက်များအား ထိန်းချုပ်ထားသည်။

တယ်လီနောမြန်မာအနေဖြင့် ၎င်းတို့၏ ဝန်ဆောင်မှုအပေါ် ယုံကြည်စိတ်ချစွာ သုံးစွဲနေသည့် ပြည်သူများ၏ အချက်အလက် များ၊ ဖုန်းခေါ်ဆိုမှုများနှင့် အင်တာနက်အသုံးပြုမှုများဆိုင်ရာ မှတ်တမ်းများအပါအဝင် Mobile Banking အသုံးပြုမှုဆိုင်ရာ အချက်အလက်များအား အဆိုပါ ရောင်းချမှုတွင် မည်သို့ ထည့် သွင်းခဲ့သည် (သို့မဟုတ်) မည်သို့ အကာအကွယ်ပေးထားသည် ကိုမူ ရှင်းလင်းစွာ ထုတ်ဖော်ပြောဆို ထားခြင်းလည်း မရှိပေ။

ပွင့်လင်းမြင်သာမှု မရှိသည့် လွှဲပြောင်းရောင်းချမှုအတည်ဖြစ် သွားသည်ဆိုပါက ပြည်သူ ၁၈ သန်းကျော်၏ ယုံကြည်စွာ သုံးစွဲ နေမှုအား လစ်လျူရှုရာ ရောက်သည့်အပြင် စီးပွားရေးလုပ်ငန်း များမှ သုံးစွဲသူများအပေါ် ထားရှိရမည့် စီးပွားဆိုင်ရာကျင့်ဝတ်၊ ပြည်တွင်းပြည်ပ ရှိ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာနှင့် ပတ်သက်သော လေးစားလိုက်နာရမည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ရာကျသည့် အတွက် ရောင်းချရန် စီစဉ်နေမှုအား ရပ်တန့်ပေးရန် တောင်းဆိုနေခြင်း လည်းဖြစ်သည်။

## နိုင်ငံတစ်ဝန်း ကျယ်ပြန့်လာသည့် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ

**ကချင်ပြည်၊ ဖားကန့်မြို့နယ်၊ နန့်ယားအနီးတွင်** ဖော်ဖော်ဝါရီလ ၅ ရက်၊ နေ့လယ် ၁၂ နာရီခန့်က အကြမ်းဖက်စစ်တပ်က လေကြောင်းသုံး တိုက်ခိုက်မှု ပြုလုပ်၍ ရွာလုံးကျွတ် တိမ်းရှောင်ခဲ့ရသည်။ စစ်တပ်က ဂျက်လေယာဉ် နှစ်စင်း၊ ရဟတ်ယာဉ်တစ် စင်းဖြင့် နန့်ယား မာနော့မော်ဘက်သို့ ဦးတည်၍ လာရောက်ပစ်ခတ်ခြင်းဖြစ်ကာ နေ့လယ် ၃ နာရီခန့်တွင်လည်း ဂျက်လေယာဉ် တစ်စင်းဖြင့် ထပ်မံ ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ ယင်းအကြမ်းဖက်ပစ်ခတ်မှုကြောင့် အရပ်သားပြည်သူ အမျိုးသားတစ်ဦး သေဆုံးကာ အမျိုးသမီးတစ်ဦး ဒဏ်ရာရခဲ့သည်။

**ကရင်နီပြည်၊ ဒီးမော့ဆိုမြို့တွင်** ဖေဖော်ဝါရီ ၁၀ ရက်၊ နံနက် ၃ နာရီမှ ၈ နာရီအထိ လက်နက်ကြီးပစ်ခတ်သံများ ကြားနေရ ကြောင်း ဒေသခံမီဒီယာများ၏ သတင်းပေးပို့မှုအရ သိရပြီး အကြမ်းဖက်စစ်တပ်မှ လေကြောင်းတိုက်ခိုက်ခြင်း ဖြစ်သည်ဟု သိရ သည်။ စစ်တပ်က စစ်ဘေးရှောင်များရှိသည့် ကျေးရွာများဘက်သို့ ရမ်းသမ်းပစ်ခတ်မှုများ ဆက်တိုက်လုပ်နေပြီး ထိခိုက်သူအချို့ ရှိကာ နေအိမ်မပျက်စီးမှုများလည်းရှိသည်။ ဒီးမော့ဆိုမြို့နယ်တွင် တိုက်ပွဲများကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွားများမှ ပြည်သူ ၇၀၀၀၀ ကျော်မှာ မေလကတည်းက စစ်ဘေးရှောင်နေကြရခြင်းဖြစ်ကာ လနှင့်ချီ ကြာမြင့်လာပြီ ဖြစ်သည်။

**စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ တောင်ပြင်ငယ်ကျေးရွာအနီးတွင်** ဖေဖော်ဝါရီ ၇ ရက်က မြေပြင်တိုက်ပွဲများ ငြိမ်သက်နေစဉ် အကြမ်းဖက်စစ်တပ်က ရဟတ်ယာဉ်နှစ်စီးဖြင့် နှစ်ရက် ဆက်တိုက် ပစ်ခတ်ကာ စစ်သားအများအပြားကိုလည်း ရဟတ်ယာဉ်များ

ဖြင့် ချထားကာ စစ်အင်အားတိုးချဲ့လျက် ရှိသည်။ ယင်းမတိုင်ခင်ကလည်း ကျေးရွာအနီးသို့ ရဟတ်ယာဉ်များဖြင့် ပျံဝဲ၍ အချက် ရေ ငါးချက်မျှ ပစ်ခတ်ခြင်းများပြုလုပ်ခဲ့သည်။ စစ်သားများအား ရဟတ်ယာဉ်ဖြင့် လာချသည့် တောင်ပြင်ငယ်ကျေးရွာ နေရာမှာ မင်းကင်း၊ ကနီ၊ ရေဦးနှင့် ဒီပဲယင်းမြို့နယ်လေးခု ဆက်စပ်ရာ ဒေသဖြစ်ပြီး ရဟတ်ယာဉ်လေးစီးဖြင့် လာချခဲ့ခြင်း ဖြစ်ကာ အင်အား ၇၀ ခန့် ရှိသည်။ အဆိုပါ စစ်သားများမှာ ယင်းညနေပိုင်းတွင်ပင် ကျေးရွာအတွင်း ဝင်ရောက်စီးနင်းကာ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ တပ်စွဲထားကာ ဒေသခံအချို့ ဖမ်းဆီးနှိပ်စက်၊ ရိုက်နှက်မှုများပြုလုပ်ခဲ့သည်ဟု ဒေသခံများ ထံမှ သိရသည်။ ဖေဖော်ဝါရီလ ၆ ရက် နံနက် ၁၂ နာရီဝန်းကျင်ခန့်ကလည်း ရေဦးမြို့နယ်တွင်းရှိ တောင်ပြင်ငယ်၊ အောင်ရေတွင်း၊ ပလူဇဝကျေးရွာများအနီးသို့ စစ်တပ်ဘက်မှ တိုက်ခိုက်ရေးရဟတ်ယာဉ် Mi-35 သုံး၍ ပစ်ခတ်မှုများအား စစ်အုပ်စုက ဆက်တိုက်ပြုလုပ်ခဲ့သေးသည်။

**ကရင်ပြည်ရှိ KNLA တပ်မဟာ (၅) ထိန်းချုပ်ရာနယ်မြေရှိ** ပြည်သူအများစု နေထိုင်ရာ ကျေးရွာများအား အကြမ်းဖက်စစ်အုပ်စုက ဇန်နဝါရီလ မှ ဖေဖော်ဝါရီလ ၅ ရက်အထိ လက်နက်ကြီးဖြင့် အချက်ပေါင်း ၂၀၀ နီးပါးအထိ ပစ်ခတ်ခဲ့ကာ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှု ငါးကြိမ်ခန့် ပြုလုပ်ခဲ့သည်။ ယင်းအကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ဖာပွန်ခရိုင်တွင်းရှိ ကလေးငယ်များ အပါအဝင် အရပ်သား (၇) ဦး သေဆုံးကာ ၂၀ ဦးကျော် ဒဏ်ရာရရှိခဲ့သည်။ ယင်းသို့ စစ်တပ်မှ လက်နက်ကြီးများ၊ လေယာဉ်သုံး ဗုံးကြဲတိုက်ခိုက်မှုများ ဆက်တိုက်လုပ်၍ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ဒေသခံများ နေ့ရပ်စွန့်ခွာထွက်ပြေးနေကြရကြောင်း ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက် - KPSN ပြောခွင့်ရ စောလေးကပေါ်က ဆိုသည်။

**ကချင်ပြည်၊ ပူတာအိုမြို့နယ်၊ ဆွမ်ပီယန်ကျေးရွာတွင်** အကြမ်းဖက်စစ်တပ်က ဖေဖော်ဝါရီလ ၃ ရက်တွင် ဂျက်တိုက်လေယာဉ်နှစ်စီးဖြင့် ဗုံးကြဲတိုက်ခိုက်၍ နေအိမ်များ မီးလောင်ပျက်စီးကာ ဒေသခံပြည်သူအချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ လေကြောင်းသုံးတိုက်ခိုက်ခံရမှုကြောင့် အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦး၊ အသက် ၁၈ နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦးနှင့် အသက် ၅၀ ကျော်အရွယ် အမျိုးသမီးနှစ်ဦး ထိခိုက်ခဲ့ကာ မြစ်ကြီးနားဆေးရုံသို့ ပို့ဆောင်ကုသပေးနေရကြောင်း သိရသည်။ စစ်တပ်ဘက်မှ လေကြောင်းသုံးတိုက်ခိုက်မှုမှာ ဒေသတွင်းစစ်ပွဲများကြောင့် မဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိဖြင့် ကျေးရွာအလယ်ခေါင်တည့်တည့်သို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။ ဖေဖော်ဝါရီလ ၄ ရက်ကလည်း ဆွမ်ပီယန်ကျေးရွာအနီးရှိ ရင်ဆီယန်ကျေးရွာကိုလည်း စစ်အုပ်စုဘက်က လက်နက်ကြီးများဖြင့် ပစ်ခတန်တိုက်ခိုက်မှုကြောင့် ကျေးရွာနှစ်ခုမှ ဒေသခံပြည်သူ ၁၀၀၀ ဝန်းကျင်ခန့်မှ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ကချင်လွတ်မြောက်ရေးတပ်မတော် - KIA က ဆွမ်ပီယန်ကျေးရွာရှိ စစ်ကောင်စီတပ်စခန်းအား သိမ်းပိုက်ပြီးနောက် အကြမ်းဖက်စစ်တပ်က လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်လာခြင်းဖြစ်ကာ ဒေသခံ လူနေအိမ် ငါးလုံးပျက်စီးခဲ့ပြီး ဒေသခံရွာသား ငါးဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒေသခံများ မီဒီယာများသို ထုတ်ဖော်ပြောဆိုထားသည်။



## ရန်ကုန်တိုင်းအတွင်း ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

**ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊** ဗဟိုကျောင်းရှေ့တွင် ဖေဖော်ဝါရီလ ၁ ရက်၊ ည ၈ နာရီကျော်ခန့်က အသက် ၃၂ နှစ်အရွယ် ကိုဇော်နိုင်အား အရက်မူးနေသည့် စစ်သားများက အကြောင်းမဲ့ ပစ်သတ်လိုက်ကြသည်။ သန်လျင်မြို့နယ်၊ သိမ်ကျောင်းလမ်း၊ ဗဟိုကျောင်းရှေ့အနီးတွင် အရက်သောက်ထားသော စစ်ကောင်စီတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများ ပြုလုပ်နေစဉ် သန်လျင်ဈေး နာရီစင်ဘက်မှ ဆိုင်ကယ်မောင်းနှင်လာသူ ကိုဇော်နိုင်အား စစ်ဆေးမေးမြန်းခြင်းမလုပ်ဘဲ သေနတ်ဖြင့် ၇ ချက်ခန့် ပစ်ခတ်ခဲ့ရာ ဗိုက်နှင့် နားထင်တို့တွင် တစ်ချက်စီထိမှန်ကာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခြင်း ဖြစ်သည်။

**အင်းစိန်မြို့နယ်၊** တောင်သူကုန်း၊ အ.မ.က (၆) ဇီးအုံကုန်းကျောင်းဘေး ချင်းဘုရားကျောင်းအနီး နေအိမ်တစ်ခုတွင် ဖေဖော်ဝါရီလ ၃ ရက်က အကြမ်းဖက်စစ်ကောင်စီတပ်များက လူငယ်နှစ်ဦးအား ပစ်သတ်ခဲ့ကာ နေအိမ်ကိုလည်း ချိတ်ပိတ်သိမ်းဆည်းသွားသည်။

ဒလမြို့နယ်တွင် ဖေဖော်ဝါရီလ ၂ ရက် ညပိုင်း ရှစ်နာရီခန့်က သေနတ်သံနှစ်ချက် ထွက်ပေါ်ခဲ့ပြီးနောက် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ နေအိမ်မှ ပြည်သူအချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ် ဈေးဟောင်းရှေ့ ဆီဆိုင်တွင် ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဈေးဟောင်းဘေးလမ်းအတွင်း နေထိုင်သူ သားအဖနှစ်ဦးအား စစ်တပ်က ဖမ်းဆီးသွားပြီးနောက် သားဖြစ်သူ ကိုမျိုးဝင်းသန်းမှာ ဖေဖော်ဝါရီ ၃ ရက်က စစ်ကြောရေး၌ နှိပ်စက်ညှင်းပန်း သတ်ဖြတ်ခံခဲ့ရသည်။

ကျောက်တန်းမြို့နယ် ထွေအုပ်ရုံးရှေ့တွင် ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က အိမ်စီးကားတစ်စီးအား အကြမ်းဖက် စစ်တပ်လက်နက်ကိုင်များက ပစ်ခတ်ခဲ့ရာ ကားပေါ်ပါ အသက် ၂၀ ရွယ် အမျိုးသမီးတစ်ဦး ကျည်ထိမှန်ကာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိသည်။

လှိုင်သာယာမြို့နယ်၊ ဘုရင့်နောင် ကုန်းတံတားအဆင်း အောင်သပြေဟိုတယ်ရှေ့တွင် ဖေဖော်ဝါရီ ၃ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက ကားများ အား စစ်ဆေးမှုများ ပြုလုပ်ခဲ့သည့်အပြင် စစ်မေးခံရသည့် ပြည် သူများကိုလည်း ရိုက်နှက်နှိပ်စက်ခဲ့သည်။

မြောက်ဒဂုံမြို့နယ်တွင် နေထိုင်သူ ကိုကောင်းထက်ပိုင်မှာ ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက မိခင်နှင့်အတူ ဆိုင်ကယ်ဖြင့် သွားစဉ် ၄၈ ရပ်ကွက်၊ ဗိုလ်ဗထူးလမ်းမပေါ်တွင် မီးပွိုင့်မိနေသည့် စစ်ကောင်စီလုံခြုံရေးယာဉ်တန်းအား လက်သုံးချောင်းဆန့် ဖော်ထုတ်သည့်အတွက် ပစ်ခတ်ခံရပြီး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

ရန်ကုန်မြို့လယ်ခေါင် ၃၂ လမ်းတွင် Silent Strike ပြုလုပ်သည့် ဖေဖော်ဝါရီ ၁ရက်က ညနေပိုင်းက လက်ခုပ်တီးသည်ဟုဆိုကာ ပြည်သူ ၁၀ ဦးကျော်အား စစ်တပ်နှင့် ရဲများက ဝင်ရောက် ဖမ်းဆီးသည့်အပြင် ရဲစခန်းသို့ ခေါ်ဆောင် သွားစဉ်၌လည်း "တီး ချင်ဦးဟဲ့" ဟုဆိုကာ လက်များအား ယောင်ကိုင်းသည်အထိ ရိုက် နှက်မှုများ ပြုလုပ်ခဲ့သည်။

ရန်ကုန်ခေတ်သစ် သတင်းဌာန အယ်ဒီတာချုပ် သာလွန်ဇေါ်ဟိန်း ထက်ပိုင် စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ မင်းလမ်း၊ အိမ်အမှတ် (၄၅)၊ (၅) လွှာရှိ တိုက်ခန်းအား စစ်အုပ်စု လက်နက်ကိုင်များက Double Cap နှစ်စီး၊ Faw စစ်ကားကြီးတစ် စီးဖြင့် လမ်းများပိတ်ဆို့ စီးနင်းကာ နေအိမ်တွင်းရှိ ပစ္စည်းများ အား စစ်ကားများပေါ်သို့ တင်ဆောင်သိမ်းယူသွားကာ နေအိမ် ကိုလည်း ချိတ်ပိတ်သိမ်းဆည်းကြောင်း စာကပ်သွားခဲ့သည်။ ရန် ကုန်ခေတ်သစ် သတင်းဌာနအဖွဲ့သားများအား အကြမ်းဖက်စစ် ကောင်စီက စမ်းချောင်းမြို့နယ် တရားရုံးတွင် ပုဒ်မ ၅၀၅ (က)၊ ပုဒ်မ ၁၇ (၁)၊ အနောက်ပိုင်းခရိုင်တရားရုံးတွင် အကြမ်းဖက် ဥပဒေပုဒ်မ ၅၀ (က)၊ ၅၂ (က)၊ ၁၂၄ (က) တို့ဖြင့် အမှုဖွင့် တရားစွဲဆိုထားသည်။

---




စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ သစ်ဆိမ့်ကြီးကျေးရွာတွင် ဇန်နဝါရီလ ၂၉ ရက်က တပ်စွဲထားကာ အကြမ်းဖက်စစ်ကောင်စီ တပ်များက ၎င်းတို့ လူသားဒိုင်းအဖြစ် ဖမ်းဆီးအသုံးပြုခဲ့သည့် အရပ်သားပြည်သူ ခြောက်ဦးကို လက်ပြန်ကြိုးတုပ်၍ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည်။ အင်အား ၄၀ ခန့်ရှိ စစ် ကောင်စီတပ်များက ရေကြောင်းမှ လာရောက်ကာ ရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်၍ ကျေးရွာအတွင်း တပ်စွဲထား ခြင်းဖြစ်ကာ လူသားဒိုင်းအဖြစ် ဖမ်းဆီးထားသည့် ဒေသခံ အမျိုးသားခြောက်ဦးအား ဖေဖော်ဝါရီလ ၃ ရက်တွင် ယင်းကဲ့သို့ လူမဆန်စွာ မီးရှို့သတ်ခြင်းခဲ့ခြင်း ဖြစ်သည်။

စစ်ကိုင်းမြို့နယ် မန္တလေး-မုံရွာလမ်းမကြီးဘေးရှိ ညောင်ပင်တန်း နှင့် မခုရရွာများမှ လမ်းပြအဖြစ် ဖမ်းဆီးခိုင်းစေခံရသူ ဒေသခံ လေးဦးအား အကြမ်းဖက်စစ်ကောင်စီတပ်များက ဖေဖော်ဝါရီ ၃ ရက်နေ့ နေလယ်ပိုင်းတွင် ရက်စက်စွာ သတ်ဖြတ်ပစ်လိုက်ကြ သည်။ အကြမ်းဖက်စစ်တပ်က မြင်းမူမြို့နယ် နဘဲကြူး၊ မ ကြီးကန်းနှင့် မခုရရွာများသို့ စီးနင်းဝင်ရောက်စဉ် လမ်းပြအဖြစ် ဖမ်းဆီးခေါ်ဆောင် ညှင်းပန်းခိုင်းခဲ့သော ညောင်ပင်ဝန်းရွာနေ ဦး ရဲဝင့်အောင်၏ သားများဖြစ်သည့် ကိုကျော်မင်းထွန်း (၂၆ နှစ်)၊ ကိုကျော်သူအောင် (၂၄ နှစ်)၊ ကိုကျော်မင်းနိုင် (၁၇ နှစ်) နှင့် မခု ရရွာမှ ဦးမြင့်ကျော်၏ သားဖြစ်သူ ကိုဇော်မျိုးအောင် (၂၀ နှစ်) တို့

အား နှိပ်စက် သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ဘဒ္ဒတွင်းကျေးရွာအား ဇန်နဝါရီ ၃၁ ရက်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ရဟတ်ယာဉ်များဖြင့် ပစ်ခတ်ပြီးနောက် ရွာအား ဝင်ရောက်စီးနင်းခဲ့ကာ ဒေသခံများ မီးရှို့သတ်ဖြတ်ခဲ့သည်။ မီးရှို့ သတ်ဖြတ်မှု ဖြစ်စဉ်အတွင်း သေဆုံးသူ မည်သူမည်ဝါဖြစ်ကြောင်းနှင့် ဦးရေမည်မျှအထိ ရှိသည်ကို ဖျောက်ဖျက်ရန်အတွက် ရုပ်အလောင်းများအားဓားဖြင့် ခုတ်ထစ်ပြီးမှ မီးရှို့ဖျောက်ဖျက်ခြင်းဖြစ်ကာ လက်ရှိတွင် မီးရှို့မခံခဲ့ရသည့် ဦးမျိုးချစ်၊ ဦးခင်မောင်စိုးနှင့် ဒေါ်ခင်းဝင်းတို့၏ ရုပ်အလောင်းများကိုသာ အတည်ပြုနိုင်သေးသည်။

စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ ကင်းစံပြကျေးရွာတွင် တပ်စွဲထားသည့် အကြမ်းဖက်စစ်ကောင်စီတပ်များအား အသက် ၂၅ နှစ် အရွယ် ကိုဆင်ပေါက် (ခ) ကိုချမ်းသာအား ဖေဖော်ဝါရီ ၁ ရက်တွင် လည်ပင်းအား ဓားဖြင့် ပိုင်း ခုတ်သတ်၍ အလောင်းအားချင်းတွင်းမြစ်ထဲသို့ စွန့်ပစ်ထားခဲ့သည်။ ဇန်နဝါရီလ ၃၁ ရက်ကလည်း ကင်းစံပြကျေးရွာသား ပြည်သူ ခုနစ်ဦးကိုလည်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဖမ်းဆီးမှုများလည်း ပြုလုပ်ထားသေးသည်။

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပလူသာရွာအား ဇန်နဝါရီလ ၁၆ ရက်တွင် စစ်ကောင်စီအကြမ်းဖက်လက်နက်ကိုင်များက ဝင်ရောက်စီးနင်းကာ ကျေးရွာသား ဦးမောင်ညွှန့်အား ဇန်နဝါရီလ ၂၄ ရက်တွင် ကျေးရွာအနီး တောတွင်း၌ ခေါင်းဖြတ်သတ်ဖြတ်ကာ မီးရှို့အလောင်းဖျောက်ထားခဲ့သည်။ ရွာအား စီးနင်းခံရစဉ် ဦးမောင်ညွှန့်နှင့်အတူ အခြားရွာသားငါးဦးလည်း ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကာ ၎င်း၏ မိသားစုဝင်များတွင် PDF တပ်ဖွဲ့ဝင်ရှိသည်ဟုဆိုကာ ယင်းသို့ လူမဆန်စွာ နှိပ်စက်သတ်ဖြတ် အလောင်းဖျောက်ခံရခြင်း ဖြစ်သည်။

စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ ကိုင်းတွင်းရွာတွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ဖေဖော်ဝါရီ ၄ ရက်ညပိုင်းတွင် ရွာအား မီးတင်ရှို့ခဲ့ကာ ဒေသခံပြည်သူနေအိမ်များ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သည်။

စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ ပေချောင်းရွာအား အကြမ်းဖက်စစ်ကောင်စီတပ်များက ဖေဖော်ဝါရီ ၈ ရက် ဝင်ရောက် တပ်စွဲကာ ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရွာအား မီးတင်ရှို့ဖျက်ဆီးခဲ့ကြသည်။ ပေချောင်းရွာမှာ အိမ်ခြေ ၁၀၀ ခန့်ရှိသည့် ရွာဖြစ်ကာ မီးရှို့ဖျက်ဆီးစဉ် နေအိမ်တွင်းရှိ တန်ဖိုးရှိပစ္စည်းများနှင့် ၎င်းတို့အသုံးတည့်မည့် ပစ္စည်းများကို အတင်းအဓမ္မ မွှေနှောက်ယူငင်ပြီးမှ မီးရှို့ခြင်းဖြစ်ကာ ပြည်သူပိုင် နေအိမ်၊ ဆန်စက်နှင့် ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးခဲ့သည်။



## နိုင်ငံတဝန်းရှိ ဖမ်းဆီး၊ သတ်ဖြတ်၊ ဖိနှိပ်နေမှုများ

မွန်ပြည်နယ် ဘီးလင်းဂိတ်တွင် အလှုကုန်ပစ္စည်းများအား သက်သေခံအဖြစ် သိမ်းဆည်း၍ ဖမ်းဆီးခံထားရသည့် တက္ကသိုလ်ကျောင်းသား ကိုးဦးနှင့် ကားသမားအား စစ်ကောင်စီတရားရုံးက နိုင်ငံတော်အကြည်ညိုပျက်စေမှု၊ နိုင်ငံတော်ပုန်ကန်မှု ဥပဒေများဖြင့် ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်လိုက်သည်။ ၂၀၂၁ ခုနှစ် မတ်လ ၂၈ ရက်က ဘီးလင်းဂိတ်တွင် မောင်စောမင်းစိုးနှင့် မောင်မျိုးမြန်မာအောင် (ပထမနှစ်၊ သတ္တဗေဒ)၊ မောင်မင်းသူအောင် (ဒုတိယနှစ်၊ ဇီဝဗေဒ)၊ မောင်အောင်ကျော်မင်း (ဒုတိယနှစ်၊ စိတ်ပညာ)၊ မောင်ရဲထွဋ်ခေါင်နှင့် မောင်စေမာန်မှူး (ဒုတိယနှစ်၊ သမိုင်း)၊ မောင်ဇော်ဝင်းထွဋ် (ဒုတိယနှစ်၊ ဓာတုဗေဒ)၊ မောင်ဟန်ဇော်မျိုး (ပထမနှစ်၊ မြန်မာစာ)၊ မောင်ချစ်ဝင်းထွန်း (ပထမနှစ်၊ ဇီဝဗေဒ) နှင့် ယာဉ်မောင်း ဦးဝင်းကိုကိုလတ်တို့အား စစ်အုပ်စုလက်အောက်ခံ တပ်ဖွဲ့များက ဖမ်းဆီးခဲ့ခြင်းဖြစ်ကာ ၎င်းတို့အား နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (က)၊ နိုင်ငံတော်ပုန်ကန်မှု ၁၂၄ (ဂ)တို့ဖြင့် အမှုဖွင့်ကာ စစ်အုပ်စုလက်အောက်ခံ တရားရုံးက ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်လိုက်ခြင်း ဖြစ်သည်။

ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့နယ်၊ စိုင်းဂေါင်းကျေးရွာနေ မောင်ဖြိုးကျော်ဟန်မှာ သူငယ်ချင်းဖြစ်သူ မောင်ရှိုင်းဝဏ္ဏအောင်နှင့်အတူ ဆိုင်ကယ်စီးလာစဉ် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက တားဆီးစစ်ဆေးရာ ဖုန်းအတွင်း NUG Profile ပုံ တင်ထားသည်ကို တွေ့ရှိပြီးနောက် ဖမ်းဆီးခြင်းမပြုဘဲ လွှတ်ပေးပြီးနောက် ဆိုင်ကယ်ပြန်ထွက်စဉ် နောက်ကျောမှ သေနတ်ဖြင့် ပစ်ခတ်သ

ည့်အတွက် ပွဲချင်းပြီး သေဆုံးသွားသည်။ ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းတွင် ၎င်းတို့ နှစ်ဦးမှာ ရွာအရှေ့ဘက်ရှိ ညောင်ပင်အိုင် ရွာသို့ မင်္ဂလာဆောင်ဖိတ်စာပေးရန် သွားစဉ် လမ်း၌ တားဆီး စစ်ခံရခြင်းဖြစ်ကာ ယင်းသို့ တားဆီးစစ်ဆေး ပစ်ခတ်သတ်ဖြတ် ခံရခြင်း ဖြစ်ကာ သူငယ်ချင်းဖြစ်သူ မောင်ရှိုင်းဝဏ္ဏအောင်မှာမူ လွတ်မြောက်သွားသည်။

ပဲခူးတိုင်း၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင် ၁၀ လမ်းထိပ်တွင် မွေးဖွားရန် ရက်ပိုင်းသာလိုတော့သည့် အသက် ၂၃ နှစ်အရွယ် မချစ်ချစ်ထွန်းမှာ အကြမ်းဖက်စစ်တပ်က ပစ်ခတ်မှုကြောင့် ဇန်နဝါရီ ၃၁ ရက် ညပိုင်း ၉ နာရီခွဲခန့်က သေဆုံးသွားသည်. ၎င်းမှာ အဆိုပါလမ်းထိပ်တွင် အကင်ဆိုင်ဖွင့်ထားသူဖြစ်ကာ ညမထွက်ရအချိန် နီးကပ်လာ၍ ပြန်ရန် ပြုလုပ်နေစဉ် စစ်တပ်က အကြောင်းမဲ့ရမ်းကား ပစ်ခတ်မှုကြောင့် ဆိုင်ရှေ့တွင်ပင် ဘယ်ဘက်ရင်အုံ ကျည်ထိမှန်ကာ ဆေးရုံ၌ ကုသစဉ် သေဆုံးသွားခဲ့သည်။

ကရင်နီပြည်၊ လွိုင်ကော်မြို့နယ်၊ စံပြ (၃) မိုင်၊ ပါကျဲကျေးရွာတွင် အပြစ်မဲ့ဒေသခံပြည်သူ နှစ်ဦးအား ဖေဖော်ဝါရီ ၁၀ ရက်က စစ်ဝတ်စုံဝတ်ပေးကာ ပုံဖျက်၍ မီးရှို့သတ်ဖြတ်ခဲ့သည်။ လွိုင်ကော်-ဒီးမော့ဆိုလမ်းပေါ်ရှိ ပါကျဲကျေးရွာနှင့် မော်ချီးစုစည်းကျေးရွာများအနီးတွင် ကရင်နီပူးပေါင်းတပ်ဖွဲ့နှင့် စစ်အုပ်စုတပ်ဖွဲ့များအကြား တိုက်ပွဲ များဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီတပ်များက နေအိမ်များအား မီးရှို့ကာ ဒေသခံများကိုလည်း ယင်းကဲ့သို့ ပုံဖျက် မီးရှို့သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။

မကွေးတိုင်း ပေါက်မြို့ အရှေ့တောင်ပိုင်း ကျအိုးရွာနေ မောင်ချမ်းထက်ကို ဒီးဒုတ်ကွင်းရွာ ပျူစောထီးအဖွဲ့က ဖေဖော်ဝါရီ ၁၁ ရက်က အကြောင်းမဲ့ဖမ်းဆီး သတ်ဖြတ်ခဲ့သည်။ မောင်ချမ်းထက်မှာ ဒီးဒုတ်ကွင်းရွာရှိ သူငယ်ချင်းထံ အလည်သွားစဉ် ပျူစောထီးများက ညဘက်ကြီး ရွာသို့ ဝင်လာသည်ဟုဆိုကာ ဖမ်းဆီးရိုက်နှက် သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကာ အဆိုပါရွာနှစ်ရွာမှာ ရွာချင်းဆက်ရွာများ ဖြစ်သည်။

မန္တလေးတိုင်း၊ ကျောက်ဆည်မြို့ရှိ နာမည်ကျော် We Love Kyuakse ပရဟိတအဖွဲ့ ဦးဆောင်သူ ကိုဖြိုးသီဟဇင်နှင့် NLD ပါတီထောက်ခံသူ လူငယ်တစ်ဦးအား အကြမ်းဖက်စစ်ကောင်စီတပ်များက နေအိမ်တွင်း ဝင်ရောက်စီးနင်းကာ သတ်ဖြတ်ပြီးနောက် မြို့ရှောင်လမ်း၌ အလောင်းများအား စွန့်ပစ်ထားခဲ့သည်။ ကျောက်ဆည်တွင် ဒေသခံ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်စစ်တပ်က ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်မှုများ ပြုလုပ်နေရာတွင် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ဒုရဲအုပ်ဟောင်း ဟန်မျိုးအောင်က ဦးဆောင်ပါဝင်လုပ်ဆောင်ပေးလျက် ရှိသည်။



## အာဏာသိမ်းယူရန် ကြိုးပမ်းမှု တစ်နှစ်ပြည့်အခြေအနေနှင့် ရှေ့အလားအလာ စကားဝိုင်းပြုလုပ်

နိုင်ငံအာဏာသိမ်းယူရန် ကြိုးပမ်းမှု တစ်နှစ်ပြည့်မြောက်သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်တွင် တစ်နှစ်တာအတွင်းဖြစ်ပွားခဲ့သည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းများနှင့် ရှေ့ဆက်ဖြစ်လာနိုင်သည့် အကျပ်အတည်းဆိုင်ရာ အလားအလာများနှင့် ပတ်သက်၍ ဂျာကာတာပို့စ်သတင်းဌာနမှ စီစဉ်မှုဖြင့် Myanmar : Year Zero Plus One စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက်ဆွေးနွေးခဲ့သည်။



## လူ့အခွင့်အရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခွန်းဗဟန်းထန်၏ နိုင်ငံရေးလှုပ်ရှားမှုများ

- အမျိုးသားညီညွတ်ရေးအစိုးရ - NUG ရှိ ဝန်ကြီးဌာနချင်း ချိတ်ဆက်၍ လည်းကောင်း၊ မိခင်ဝန်ကြီးဌာနတွင်း၌ လည်းကောင်း သတင်းအချက်အလက်များ မျှဝေခြင်း၊ အကြံပြုချက်များအား ရယူ တင်ပြခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများအား ဆောင်ရွက်လျက် ရှိသည်။
- အမျိုးသားညီညွတ်ရေးအစိုးရ - NUG မှ ဖွဲ့စည်းထားသည့် CDM Success Committee၊ တရားရေးဆိုင်ရာကော်မတီ၊ ကာကွယ်ရေးဆိုင်ရာ ကော်မတီများ၌ တိုင်းရင်းသားလက်နက်ကိုင် - EAO နယ်ပယ်ကိုယ်စားပြုအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကျန်းမာရေး၊ လူငယ်ရေးရာနှင့် ပတ်သက်သည့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွင်လည်း ဝန်ကြီးဌာနကိုယ်စားပြုအနေဖြင့် တာဝန်ထမ်းဆောင်လျက် ရှိသည်။
- ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်သူ့အုပ်ချုပ်ရေးစနစ် အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ကာ ပြည်နယ်နှင့် ပတ်သက်သည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ တာဝန်များကိုလည်း ထမ်းဆောင်လျက် ရှိသည်။

# ပြင်သစ်မြေပေါ်က မြန်မာ့အရေးလှုပ်ရှားမှုများ

၃၁.၁.၂၀၂၂ - မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းထားမှု တစ်နှစ်ကာလအတွင်း ကြုံတွေ့နေရသည့် ပြည်တွင်းအခြေအနေနှင့် ပတ်သက်၍ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၏ လူ့အခွင့်အရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်မျိုးမင်းက ပြင်သစ်လွှတ်တော်အတွင်း၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

၁.၂.၂၀၂၂ – ပြင်သစ်ရောက် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ အာဏာသိမ်းခံရမှု တစ်နှစ်ပြည့်နေ့ တွင် ပြုလုပ်သည့် မြန်မာ့အရေးလှုပ်ရှားမှုတွင် ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့သည်။ အဆိုပါလှုပ်ရှားမှုတွင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးကို အဓိကထား တောင်းဆိုကြွေးကြော်ခဲ့သည်။

၂.၂.၂၀၂၂ ရက်က မြန်မာ့ဒီမိုကရေစီရေးအား ထောက်ခံအားပေးသည့် ပြင်သစ်လွှတ်တော်အမတ်များနှင့် တွေ့ဆုံကာ မြန်မာ့အရေးအား ဆက်လက်ထောက်ခံအားပေးရန် ဆွေးနွေးခဲ့သည်။ မကြာမီတွင် ပြင်သစ်နိုင်ငံ အထက်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်း၍ မြန်မာနိုင်ငံအား အားပေးထောက်ခံမှု အစီအစဉ်များ ပါဝင်သည့် ဆုံးဖြတ်ချက်တစ်ရပ် ထွက်ပေါ်လာနိုင်တော့မည် ဖြစ်သည်။

*ပြင်သစ်ဘက်မှာ မြန်မာ့ဒီမိုကရေစီရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားခဲ့သလို ဥရောပသမဂ္ဂနှင့်အတူ အကြမ်းဖက် စစ်တပ်အပေါ် စီးပွားရေးပိတ်ဆို့မှုများအား လက်တွဲလုပ်ဆောင်နေကြောင်း ပြောဆိုခဲ့သည်။*



ပြင်သစ်နိုင်ငံခြားရေးဌာန conseillère des affaires étrangères ဖြစ်သူ Minh-Di Tang၊ directeur၊ adjoint à la direction d’Asie et d’Océanie ဖြစ်သူ Stephen Marchisio တို့နှင့် သီးခြားတွေ့ဆုံခဲ့သည်။ တွေ့ဆုံမှုအတွင်း ပြင်သစ်ဘက်မှာ မြန်မာ့ဒီမိုကရေစီရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားခဲ့သလို ဥရောပသမဂ္ဂနှင့်အတူ အကြမ်း ဖက်စစ်တပ်အပေါ် စီးပွားရေးပိတ်ဆို့မှုများအား လက်တွဲလုပ်ဆောင်နေကြောင်း ပြောဆိုခဲ့သည်။ မြန်မာပြည်တွင်း ဖြစ်ပွားနေသည့် အကြမ်းဖက်စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှု၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် ထိုင်းနိုင်ငံအစိုးရက စစ်ဘေးရှောင်လာသည့် မြန်မာပြည်သူများအား ပိုမိုကူညီပေးနိုင်ရန် NUG အစိုးရက တောင်းဆိုကြောင်း ကိစ္စရပ်များနှင့် ပတ်သက်၍ ပြင်သစ်မီဒီယာ ၁၃ ခု ဖြစ်သည့် Le Monde ,Lib®ration, Charlie Hebdo, France 24, Mariann , Le Figaro, La Croix, Bienpublic, Le Dauphin®, NVO, FranceTVInfo (JT du 23h, Patricia Loison),TV5Monde, La reprise , Arte နှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ထုတ်ဖော်ပြောဆိုခဲ့သည်။

---------------



# မြန်မာ့အရေးအတွက် ချက်သမ္မတနိုင်ငံ လွှတ်တော်၊ နိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေး





၉.၂.၂၀၂၂ - မြန်မာ့ဒီမိုကရေစီရေးအား ယခုထက်ပို၍ ကူညီပေးရန်အတွက် ချက်သမ္မတနိုင်ငံ အထက်လွှတ်တော် နိုင်ငံ တကာ လုံခြုံရေးနှင့် ကာကွယ်ရေးကော် မတီ ဥက္ကဋ္ဌ Mr. Pavel Fisher နှင့် တွေ့ ဆုံခွင့်ရစဉ် ဆွေးနွေးပြောဆိုခဲ့သည်။

၁၀.၂.၂၀၂၂ – မြန်မာ့အရေးနှင့် ပတ် သက်၍ ချက်သမ္မတနိုင်ငံ ခြားရေးဝန်ကြီး ဌာနနှင့် အမျိုးသားညီညွတ်ရေးအစိုးရ – NUG လူ့အခွင့်အရေးဌာန ပြည် ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းတို့ တွေ့ဆုံစဉ် NUG ကို နိုင်ငံရေးထောက်ခံကြောင်းနှင့် စစ်တပ်အာဏာသိမ်းမှုကို လုံးဝ လက်မခံကြောင်း ချက်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Jan Lipavský က ထည့်သွင်းပြောဆိုသွားသည်။ ထို့ပြင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်းနှင့် ပိုမိုထိရောက်သည့် နည်းလမ်းသစ်များအားNUG နှင့်အတူ ရှာဖွေသွားမည် ဖြစ်ကြောင်းလည်း ပြောဆိုသွားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် NUG ၏ ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာ ကိုယ်စားလှယ် ဦးလင်းသန့်လည်း ပါဝင်ခဲ့ပြီး NUG ဘက်မှ မြန်မာနိုင်ငံတွင်း အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လိုအပ်နေသည့် ထိရောက်သော လူသားချင်းစာနာမှုအကူအညီပေးရေးကိစ္စရပ်များနှင့် လူ့အခွင့်အရေးနှင့် လွတ်လပ်မှုအတွက် လှုပ်ရှားဆောင်ရွက်နေသည့် သူများအား အကူအညီပေးနိုင်ရေး စသည့် ကိစ္စရပ်များအား ထည့်သွင်းပြောဆို ဆွေးနွေးခဲ့သည်။ မြန်မာ့အရေးနှင့် ပတ်သက်၍ လွတ်လပ်စွာ ပြောဆိုခွင့်၊ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးကောင်စီတွင်လည်း မြန်မာ့နိုင်ငံအရေးအား ပိုမို အလေးထား လုပ်ဆောင်ပေးသွားမည်ဟု ချက်နိုင်ငံခြားရေး ဝန်ကြီးက ဆွေးနွေးမှုအတွင်း ထည့်သွင်းပြောဆိုသွားသည်။




## Spring Flowers International Conference

၆.၂.၂၀၂၂ ရက်နေ့တွင် ကျင်းပသည့် Spring Flowers International Conference တွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက “မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးအခင်း အကျင်းအတွင်း လူ့အခွင့်အရေး၊ ရွှေ့ပြောင်းဒုက္ခသည်များနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကြပ်အတည်း” ဟူသည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။